ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်


## Village Development Plan (VDP)

သောင်ကြီးကျေးရွာ၊သောင်ကြီးကျေးရွာအုပ်စု

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.......................................................................................................၂
၂။သောင်ကြီးအုပ်စုမြေပုံ .......................................................................................................... ၃
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း........................................................ ၄
၄။ကျေးရွာအခြေခံအချက်အလက်များ.................................................................................................... ၅
၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .................. ၆
၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. ၇
၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.....................၁၉
၈။ကျေးရွာကော်မတီစာရင်း.......................................................................................................၂၀
၉။ပုံစံ-စ၁။ကျေးရွာအချက်အလက်......................................................................................၂၁
၁၀။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ..........................................................................................၂၄
၁၁။အစည်းအဝေးမှတ်တမ်းများ.......................................................................................................၂၇
၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)..................................................၃၂

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ သောင်ကြီးကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ သောင်ကြီးကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

သောင်ကြီးကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၄)မိုင်ခန့်ကွာဝေးပြီး ကား၊ဆိုင်ကယ်တို့ဖြင့်တစ်နေရာမှတစ်နေရာသို့သွားကြသောရွာတစ်ရွာဖြစ်ပါသည်။ သောင်ကြီးကျေးရွာတွင်လူဦးရေ(၇၈၅)ဦးရှိပြီးအိမ်ထောင်စုမှာ(၂၁၅)ရှိပါသည်။ဗမာလူမျိုးအများစုနှင့်ဟိန္ဒူလူမျိုးစုအနည်းငယ်နေထိုင်ပါသည်။ ဗမာဦးရေ(၇၆၅)ဦးရှိပြီး ဟိန္ဒူဦးရေ(၃၀)ရှိပါသည်။ သောင်ကြီးကျေးရွာကို (၂၈၀၇)ခုနှစ်မှစတင်တည်ထောင်ခဲ့ပါသည်။ရေလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းအများဆုံးလုပ်ကိုင်ကြသည်။ကျေးရွာ၏အဓိကဝင်ငွေမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းမှရရှိပါသည်။ စာသင်ကျောင်းတစ်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလည်းရှိပါသည်။ကျေးလက်ဆေးပေးခန်းမရှိသေးပေ။ကျေးရွာတွင်သောက်ရေကန်(၂)ကန်ရှိပြီးမီးရရှိခြင်းတော့မရှိသေးပေ။အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းကြောင့်လည်းအများစုမှာစားဝတ်နေရေးပြေလည်ခြင်းမရှိကြပါ။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၃၀ | ၁၂ | ၁၈ | ၃၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂ | ၇ | ၁၅ | ၂၂ |
| မြေယာမဲ့ | ၃၀ | ၁၅ | ၁၈ | ၃၃ |
| မသန်စွမ်း | ၅ | ၃ | ၂ | ၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးရောင်း | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | ရေလုပ်ငန်း |
| | ဘဲ | ဆန်စက် | |
| | ဆိတ် | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၀၂၀ | ၅ | - | - | -/၂ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ချွေစက်၊ချွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၃၀ | ၁ | ၅ | - | ၆ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၁၈၁ | ၁၅ | - | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၃၀ | ၃၈ | ၁၀ | ၁၀၁ | ၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (Social Map/Resource Map) | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၁၀ | ၅ | ၁၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၂-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၅ | ၁၄ | ၁၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၂၂-၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၆ | ၇ | ၁၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၂-၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၈ | ၇ | ၁၅ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၃-၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄ | ၇ | ၁၁ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | အရင်းအမြစ်ထိမ်းချုပ်မှုနှင့် သုံးစွဲမှု | ၂၃-၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၅ | ၆ | ၁၁ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။ ကျေးရွာလူမှုရေး၊ အရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



သုံးသပ်ချက်

သောင်ကြီးကျေးရွာတွင် လူဦးရေ(၇၈၅)ဦးရှိပြီး အိမ်ထောင်စုမှာ(၂၁၅)ခု ရှိပါသည်။ သောင်ကြီးကျေးရွာ၏ မြောက်ဘက်တွင်ဆက်သွယ်ရေးလမ်းမကြီးနှင့်ပေါက်တောဘုန်းတော်ကြီးကျောင်းရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် မော်ဂန်းချောင်းရှိပါသည်။ ကျေးရွာအနောက်ဘက်တွင်လည်း ဘုန်းတော်ကြီးကျောင်းရှိပါသည်။သောင်ကြီးကျေးရွာတွင်ရေကန်(၂)ကန်၊စက်ရေတွင်း(၁)တွင်း၊စာသင်ကျောင်း(၁)ကျောင်း၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းရှိပါသည်။ သောင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို လုပ်ကိုင်ကြပါသည်။ ဗမာလူမျိုးအများစုနှင့် ဟိန္ဒူလူမျိုးအနည်းငယ်နေထိုင်ကြပါသည်။

## ၂။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)




### သုံးသပ်ချက်

သောင်ကြီးကျေးရွာတွင် ချမ်းသာ၊ အလည်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ လယ်ကေ(၅ဂ)အထက်၊ ပျဉ်ထောင်၊ သွပ်မိုး၊ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ၊ ချွေလှေ့စက်၊ ထွန်စက် နွားတို့ပိုင်ဆိုင်ကြပြီးအိမ်ထောင်စုမှာ(၄၅)စုနှင့်ရာခိုင်နှုန်းမှာ(၂၁%)ရှိပြီး၊အလယ်အလတ်အဆင့်တွင် ပိုက်၊ လှေ၊ ဓနိမိုး၊ ထရံကာ၊ ဆိုင်ကယ်၊ တီဗွီ၊ စက်ဘီး၊ မီးစက်၊ မြေပိုင်၊ ဖုန်းတို့ပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ (၇ဂ)စုနှင့် ရာခိုင်နှုန်းမှာ(၃၃%)နှင့် နွမ်းပါးသောအဆင့်မှာ စက်ဘီး၊ ဓနိမိုး/ဓနိကာတို့ပိုင်ဆိုင်ခြင်းတို့ဖြစ်ပြီးအိမ်ထောင်စုမှာ(၁ဂဂ)စု ရာခိုင်နှုန်းမှာ(၄၆%) ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ကျေးရွာတွင်နွမ်းပါးသူများများပြားရခြင်းမှာဂင်ငွေနည်းပါးခြင်း၊အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ပုံမှန်ဂင်ငွေမရှိခြင်း၊အသိပညာအတတ်ပညာနည်းပါးခြင်း၊ကလေးများများပြားခြင်းများကြောင့်ကျောင်းမထားနိုင်ခြင်းတို့သည် နွမ်းပါးရခြင်း၏ အဓိကအကြောင်းအရာများ ဖြစ်ပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**ရာသီဥတု** - တန်ခူး၊ ကဆုန်တွင်ရာသီဥတုသာယာကာ နယုန်၊ ဂါဆို၊ ဂါခေါင်၊ တော်သလင်းလများတွင် မိုးများသည်းထန်စွာရွာသွန်း၍သီတင်းကျွတ်၊တန်ဆောင်မုန်းလများတွင်မိုးအနည်းငယ်သာရွာပါသည်။နတ်တော်၊ပြာသို၊တပိုတွဲ၊တပေါင်းလများတွင်အနည်းငယ်အေး၍ရာသီဥတုသာယာပါသည်။

**စိုက်ပျိုးရေး** - နယုန်လများတွင် စပါးကို စတင်စိုက်ပျိုးပါသည်။ တော်သလင်း၊ သီတင်းကျွတ်လများတွင် စပါးရိတ်သိမ်းကြပါသည်။စပါးရိတ်သိမ်းပြီးချိန်တွင်ပဲတီစိမ်းများကိုသီးထပ်စိုက်ပျိုးကြပါသည်။

**ကျန်းမာရေး** -ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သောနာစေးခြင်း၊ချောင်းဆိုးခြင်းတို့ဖြစ်လေ့ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး-** အချို့နေရာများတွင်မိုးရာသီ၌သွားလာရာခက်ခဲသောနေရာများရှိနေပါသည်။

**ပွဲတော်များ** - တန်းခူးလမှာ သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တပေါင်းလတွင် ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** - သီတင်းကျွတ်၊တန်ဆောင်မုန်း၊ တပို့တွဲ၊ တပေါင်းလများတွင် ရာသီသီးနှံပေါ်ချိန်ဖြစ်၍ ဝင်ငွေအသင့်အတင့်ရှိသော်လည်း ကျန်လများတွင်နေ့စားလုပ်ငန်းများဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေမှာ နည်းပါးပါသည်။

**ရေလုပ်ငန်း** -ရေလုပ်ငန်းကို တန်ခူး၊ ကဆုန်၊ နယုန်၊ဂါဆို၊ဂါခေါင်တွင်ရေလုပ်ငန်းကိုလုပ်ကိုင်သူများသည်။

**အစာရေစာဖူလုံမှု** -ကျေးရွာအတွက်အစာရေစာဖူလုံမှုတွင်လည်းအသင့်အတင့်အနေအထားတွင်ရှိပါသည်။

**သောက်သုံးရေရရှိမှု** -သောက်သုံးရေရရှိမှုတွင်လည်း လုံလောက်သောအနေအထားတွင်ရှိသည်။

**၄။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်**




## သုံးသပ်ချက်

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင်အုပ်ချုပ်ရေးမှူးနှင့်ကျောင်းကော်မတီ၊ပရဟိတအဖွဲ့တို့သည်ကျေးရွာ၏ပညာရေးမြင့်မားလာအောင်ပူးပေါင်းဆောင်ရွက်ပေးကြပြီးအမျိုးသမီးများ၏အခက်အခဲများကိုပါဖြေရှင်းပေးပါသည်။ကျေးရွာလူထု၊ဂေါပကအဖွဲ့တို့သည်ကျေးရွာဘာသာရေး၊သာသနာရေးရေရှည်တည်တံ့စေရန်ဆောင်ရွက်ကြပါသည်။မြစိမ်းရောင်နှင့်ပတ်မြန်မာအဖွဲ့အစည်းများသည်ကျေးရွာ၏စီးပွားရေးလုပ်ငန်းများအားတိုးချဲ့လုပ်ဆောင်နိုင်ရန်အထောက်ပံ့ပေးခြင်းနှင့်ကျေးရွာ၏အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ်ထုတ်ချေးထားသည်ကိုတွေ့ရှိရပါသည်။နာရေးကူညီမှု၊အမျိုးသား/သမီးအဖွဲ့၊လူမှုရေးအသင်း၊အကျိုးတော်ဆောင်အဖွဲ့၊ဖျော်ဖြေရေးအဖွဲ့တို့သည်လည်းကျေးရွာ၏သာရေး၊နာရေးကိစ္စများတွင်ကူညီပေးသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်ထွေအုပ်၊မြို့နယ်ရဲစခန်း၊မြစိမ်းရောင်၊ပတ်မြန်မာ၊စိုက်ပျိုးရေးဘဏ်၊သမဘဏ်၊ငါးဦးစီးဌာန၊မြေစာရင်းဌာန၊ကျမ်းမာရေးအဖွဲ့တို့သည်ကျေးရွာအဖွဲ့အစည်းများနင့်လည်း ကဏ္ဍအသီးသီးတွင်ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

## ၅။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



### သုံးသပ်ချက်

**ဆုံးဖြတ်ချက်ချနိုင်မှု** - ဆုံးဖြတ်ချက်ချနိုင်မှုတွင်အမျိုးသားများကပို၍ဆုံးဖြတ်ချက်ချနိုင်သည်ကိုတွေ့ရပြီး ထုံးတမ်းအစဉ်အလာအရ ဆုံးဖြတ်ချက်ကို အမျိုးသားများကသာချမှတ်ခဲ့ကြ၍ ယခုအချိန်တွင် အမျိုးသမီးများသည် ဆုံးဖြတ်ချက်လုပ်ကိုင်ရမည့်အလုပ်များတွင် မိမိကိုယ်ကို ယုံကြည်မှုနည်းပါးနေသည်ကိုတွေ့ရသည်။

**လူမှုရေး** -လူမှုရေးလုပ်ငန်းပါဝင်လုပ်ကိုင်မှုတွင်လည်းအမျိုးသားများ၏ပါဝင်ဆောင်ရွက်မှုက များပြားပြီးအမျိုးသမီးများသည် အိမ်မှုကိစ္စများလုပ်ဆောင်နေရသောကြောင့် ပါဝင်ချင်သလောက်ပါဝင်ခွင့်မရှိကြောင်းတွေ့ရသည်။

**ကျန်းမာရေး** -ကျန်းမာရေးအသိပညာရှိမှုတွင်အမျိုးသားများနှင့်အမျိုးသမီးများ၏ကျန်းမာရေး အသိပညာသည် ထပ်တူနီးပါးလောက်ရှိသည်ကိုတွေ့ရသည်။

**အလုပ်အကိုင်အခွင့်အလမ်း**-အလုပ်အကိုင်အခွင့်အလမ်းတွင်အမျိုးသားများအတွက်အလုပ်အကိုင်အခွင့်အလမ်းကပိုမိုများပြားပြီးအမျိုးသမီးများအတွက်အလုပ်အကိုင်အခွင့်အလမ်းမှာ နည်းပါးကြောင်းတွေ့ရသည်။


**ဦးဆောင်နိုင်မှု** -ဦးဆောင်နိုင်မှုတွင် အမျိုးသားများက ဦးဆောင်နိုင်မှုရာခိုင်နှုန်းများပြားပြီး အမျိုးသမီးများကမိမိကိုယ်ကိုကိုယ်ယုံကြည်မှုနည်းပါးသောကြောင့်ဦးဆောင်နိုင်မှု နည်းပါးသည်ကို တွေ့ရှိရသည်။

**ဝင်ငွေရရှိမှု** -ဝင်ငွေရရှိမှုတွင် အမျိုးသားများက အများဆုံးဝင်ငွေ ရှိပြီး အမျိုးသမီးများက အိမ်မှုကိစ္စများနှင့်သားသမီးများကိုထိန်းကျောင်းရသောတာဝန်များပါယူပေးနေရ၍ အပြင်စီးပွားရေးမလုပ်ကိုင်နိုင်သောကြောင့်ဝင်ငွေနည်းပါးကြောင်းတွေ့ရှိရသည်။

**အိမ်မှုကိစ္စ** -အိမ်မှုကိစ္စများတွင် အမျိုးသားများက ပါဝင်ဆောင်ရွက်သော်လည်း ဓလေ့ထုံးတမ်းများအရအိမ်မှုကိစ္စများကိုအမျိုးသမီးများကသာလုပ်ဆောင်သင့်သည်ဟူသောအစဉ်အလာများကြောင့်အမျိုးသမီးများကအများဆုံးလုပ်ဆောင်ရသည်ကို တွေ့ရသည်။

**ပညာရေး** -ပညာသင်ကြားရေးတွင် ယခုအခါအမျိုးသား၊ အမျိုးသမီးတန်းတူ အခွင့်အရေး ရရှိလာသည်ကိုတွေ့ရသည်။

၆။ အရင်းအမြစ်ထိန်းချုပ်မှု၊ သုံးစွဲမှု နှင့် သုံးသပ်ချက်






## သုံးသပ်ချက်

**ထိန်းချုပ်မှု** -ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော စက်လှေ၊ လယ်ထွန်စက်၊ ချွေလှေ့စက်၊ ရေတွင်း၊ လက်သမားပစ္စည်း စသည်တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပါသည်။အိုးခွက်/ပန်းကန်၊ အပ်ချုပ်စက်၊ မီးဖိုတို့ကို အမျိုးသမီးများကထိန်းချုပ်ထားပါသည်။ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီစသည်တို့ကို အမျိုးသား/အမျိုးသမီးတို့ကထိန်းချုပ်ထားသည်။

**အသုံးပြုမှု** -ကျေးရွာ၏ အရင်းအမြစ်ဖြစ်သော စက်လှေ၊ထွန်စက်၊ ချွေလှေ့စက်၊ ရေတွင်း၊ လက်သမားပစ္စည်းများ စသည်တို့ကိုအမျိုးသားများအသုံးပြုပြီးအပ်ချုပ်စက်၊အိုးခွက်ပန်းကန်၊ မီးဖိုတို့ကို အမျိုးသမီးများသာ အသုံးပြုကာ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဆိုင်ကယ်၊ စက်ဘီး၊ တီဗွီ၊ ဖုန်း၊ လယ်တို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာတတ်ရောက်ရန်ပြောကြားခဲ့ပါသည်။ပထမအကြိမ်မိတ်ဆက်အစည်းအဝေးတိုင်းတွင်အမျိုးသမီးများအချိုးညီစွာတက်ရောက်ရန်ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်လည်းအမျိုးသမီးများမှပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောဆိုခွင့်ရှိကြောင်းကိုလည်းပြောကြားထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများမှတင်ပြတောင်းဆိုထားသောလုပ်ငန်းတစ်ခုပါဝင်ရမည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကော်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့်ဆောင်ရွက်သောလုပ်ငန်းများဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်အားခများပေးချေရမည်ကိုလည်းပြောကြားခဲ့ပါသည်။စီမံကိန်း၏ကဏ္ဍတိုင်းတွင်အမျိုးသမီးများအခန်းကဏ္ဍကိုထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပြီး အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင်အမျိုးသမီးများသည်မိမိတို့၏လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့၍အခက်အခဲများဖော်ထုတ်ခြင်း၊မျှော်မှန်းချက်များဖော်ထုတ်ပေးခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းခွဲများထွက်ရှိလာသည်အထိလုပ်ကိုင်ခဲ့ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၂၄.၁.၂၀၁၇

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ် ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ် လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့ များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့ စည်းရေး၊ပူးပေါင်းပါဝင်ေရး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မှီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးေဖာ်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ : ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

# ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသားအုပ်စု မှတ်တမ်းတင်ဓာတ်ပုံ



ပင့်ကူအိမ်သုံးသပ်ချက် မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များ ရွေးချယ်ပြီးစီးခြင်း မှတ်တမ်းဓါတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးသိန်းဇော်ထွန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်သဇင်ဖြူ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးအေးမြင့်နိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဇော်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ကြည်အေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးရဲလွင်ဦး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ခင်ဆန်းမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးဂင်းအောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်မြင့်ကြင် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးစိုးသန်း | ကျား | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်ချောစုခိုင် | မ | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးဂင်းသန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်မြင့်သိန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်တင်တင်ဇေ | မ | ငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်        ကျား(၇)ယောက်+မ(၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဒေါ်ခင်အေးဝင်း  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

ဒေါ်သဇင်ဖြူ  ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ

ဦးမြင့်မော်  ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်

ဦးလှကြည်  ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဝါဝါနိုင်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။...၂၄..../...၁.../...၂၀၁၇...

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦး·ဘိုး·ကျော်ရီ | ၀၉-၂၅၀၀၈၄၇၄၉ | [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် ကျောက်တံခါး | ကျေးရွာအုပ်စု ဘောင်ကြီး | ကျေးရွာ ဘောင်ကြီး |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၈၉ | ဘာသာ (၁) ဗုဒ္ဓ | ၁၈၉ |
| လူမျိုးစု (၂) ကုလား (ဟိန္ဒူ) | ၃၀ | ဘာသာ (၂) ဟိန္ဒူ | ၃၀ |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ---------- | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| အခြား | - | - | - |
| | အရေအတွက် | - | - |
| မသန်စွမ်းသူများ | ၃ | | - |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၀ | | |
| စစ်ဘေးရှောင် | - | - | - |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၃၆၂ | ၄၂၀ |
| လူမျိုးစု (၁) ဗမာ | ၃၂၂ | ၃၃၀ |
| လူမျိုးစု (၂) ကုလား (ဟိန္ဒူ) | ၄၀ | ၉၀ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၇၇ | ၃၈ |

**(ခ) အခြေခံအထောက်အအကူ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အထောက် အအကူများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | ✓ | | | | ✓ |

| | | | | | |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရှေ့ကိုင်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည် **မရှိပါ** မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည် မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) [illegible]

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးသိန်းကျော်ရိုး

လက်မှတ် [signature] နေ့စွဲ ၂၁.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဝါဝါနိုင်

လက်မှတ် [signature] နေ့စွဲ ၂၁.၁.၂၀၁၇

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် ဒေါ်ဝါဝါနိုင် | | | |
| နေ့စွဲ ၂၄.၁.၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | |
| ပြည်နယ် / တိုင်း ရခိုင် | မြို့နယ် ကျောက်တော် | ကျေးရွာအုပ်စု သောင်ကြီး | ကျေးရွာ သောင်ကြီး |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုး~~သား~~ သမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၁ | ရွာတွင်းမြေလမ်းမကောင်းခြင်းအခက်အခဲ |
| ၂ | ကျေးရွာမီးလင်းရေးအတွက်ခက်ခဲခြင်း | ၂ | လမ်းပန်းဆက်သွယ်ရေးအခက်အခဲ |
| ၃ | ကျေးရွာအတွက်ဆေးပေးခန်းလိုအပ်ခြင်း | ၃ | ကျန်းမာရေးဆေးပေးခန်းလိုအပ်ချက် |
| ၄ | ကျေးရွာကမ်းနားရေတိုက်စား၍ကမ်းပြိုခြင်း | ၄ | ရေတွင်းလိုအပ်ချက် |
| ၅ | သောက်သုံးရေခက်ခဲခြင်း | ၅ | အမျိုးသမီးများအလုပ်အကိုင်ရှားပါးခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုး~~သား~~ သမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း | ၁ | အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်း |
| ၂ | လျှပ်စစ်မီးရရှိခြင်း | ၂ | ငွေရရှိခြင်း |
| ၃ | ရေကောင်းရေသန့်ရရှိခြင်း | ၃ | လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်း |
| ၄ | ကျေးလက်ကျန်းမာရေးဆေးပေးခန်းရရှိခြင်း | ၄ | အပ်ချုပ်စက်မှုလုပ်ငန်းလိုအပ်ချက် |
| ၅ | စိုက်ပျိုး၊ မွေးမြူရေး တိုးတက်လာခြင်း | ၅ | ပညာရေးတိုးတက်လာခြင်း |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များ အားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျ+မ | ၃၀၀၀၀၀၀၀ | ၇၆၅ |
| ၂။ | စက်ရေတွင်းတူးဖော်ခြင်း | ကျ+မ | ၄၂၀၀၀၀၀ | ၇၆၅ |
| ၃။ | ရွာအဝင်လမ်းပြုပြင်ခြင်း | ကျ+မ | ၃၅၀၀၀၀၀၀ | ၇၆၅ |
| ၄။ | လျှပ်စစ်မီးရရှိခြင်း | ကျ+မ | ၆၀၀၀၀၀၀၀ | ၇၆၅ |
| ၅။ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | ကျ+မ | ၂၀၀၀၀၀၀ | ၇၆၅ |
| ၆။ | ကမ်းနားရေတိုက်စားမှုအားပြုပြင်ခြင်း | ကျ+မ | ၄၀၀၀၀၀၀၀ | |

…း အဖွဲ့ မှ တင်ပြသော အခက်အခဲ အတားအဆီး များ

၁. ပင်း ဆက်သွယ်ရေး ကောင်း မွန် … ရွှေ့ပြောင်းသွားဖြင့် သွားလာရန် ခက်ခဲခြင်း

၂။ ကျေးရွာ မီးလင်းရေး အတွက် အခက်အခဲ ရှိခြင်း

၃။ ကျေးရွာ အတွက် ဆေးပေးခန်း လိုအပ်ခြင်း

၄။ ကျေးရွာ လမ်းများ ရေတိုက်စား ကျိုးကမ်းပြိုခြင်း

၅။ သောက်သုံးရေ ခက်ခဲ ခြင်း

၆။ အလုပ်အကိုင်အခွင့် အလမ်း နည်းပါး ခြင်း

၇။ လယ်ယာသုံး စက်ကိရိယာ နည်းပါး ခြင်း

၈။ ယုပ်ပင်း သုံး ပစ္စည်း နည်းပါး ခြင်း

၉။ စာကြည့်တိုက် လိုအပ်ခြင်း

၁၀။ ယင်လုံ အိမ်သာ နည်းပါး ခြင်း

၁၁။ အားကစားကွင်း မရှိ ခြင်း

---

အမျိုးသမီး များ မှ တင်ပြသော အခက်အခဲ များ

၁။ ရွာတွင်း ရှိလမ်း မကောင်း ခြင်း အခက်အခဲ

၂။ လမ်းပန်း ဆက်သွယ်ရေး မကောင်း ခြင်း

၃။ ကျန်းမာရေး ဆေးပေးခန်း လိုအပ်ချက်

၄။ ရေတွင်း လိုအပ်ချက်

၅။ အမျိုးသမီးများ အလုပ်အကိုင် လိုအပ် ချက်

၆။ အမျိုးသမီးများ ဝင်ငွေ နည်းပါး ခြင်း

၇။ ကျောင်း ခြံစည်းရိုး လိုအပ် ချက်

၈။ စာကြည့်တိုက် လိုအပ်ချက်

၉။ ရွာသန့်ရှင်းရေး လိုအပ်ချက်

၁၀။ အပ်ချုပ်စက် လိုအပ် ခြင်း

၁၁။ ယင်လုံ အိမ်သာ လိုအပ်ချက်

၁၂။ ကမ်းရေတိုက်စား ခြင်း

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ကျေးရွာစာကြည့်တိုက်ရှိရေး | က + မ | |
| ၂။ | ကျန်းမာရေးဆေးပေးခန်းရှိရေး | က + မ | |
| ၃။ | သန့်ရှင်းသောအိမ်သာရှိခြင်း | က + မ | |
| ၄။ | အပ်ချုပ်စက်ရှိစေခြင်း | က + မ | |
| ၅။ | စိုက်ပျိုးမွေးမြူရေးတိုးတက်စေရန် | က + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးသိန်းဇော်ထွန်း လက်မှတ် [signature] နေ့စွဲ 24.1.2017

ဒေါ်သဇင်ဝင်း [signature]

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............ ဖောင်ကြီး ............

ကျေးရွာအုပ်စု ............ ဖောင်ကြီး ............

အစည်းအဝေးပြုလုပ်သည့်နေရာ ............ ကျေးရွာဘုန်းတော်ကြီးကျောင်း ရှေ့ဝင်း ............

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............ ၂၁၊ ၁၊ ၂၀၁၇ ............

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ............ ပထမအကြိမ်ကွင်းဆင်းအစည်းအဝေး ၊ စီမံကိန်း မိတ်ဆက်ခြင်း ၊ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း ............

အစည်းအဝေးတက်ရောက်သူဦးရေ၊ ကျား ( ၄၇ )ဦး၊ မ ( ၆၄ )ဦး= (၁၁၁) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်

ကျေးရွာလူထုမှ လူထုဗဟိုပြု စီမံကိန်း ကို သိရှိစေရန် ရှင်းလင်းပြောကြားခြင်း ၊ စီမံကိန်းစက်ဝန်း ကို ရှင်းပြခြင်း ၊ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်း။

ဆွေးနွေးချက်

ကျေးရွာအုပ်ချုပ်ရေးမှူး မှ စတင်ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။ စီမံကိန်း တွင်ကျေးရွာလူထုအားလုံး ပူးပေါင်းပါဝင်ကြရန်ကျေးရွာအုပ်ချုပ်ရေးမှူး မှပြောကြားခဲ့ပါသည်။ လူထုဗဟိုပြုစီမံကိန်းအား မိတ်ဆက်ခြင်းတွင် စီမံကိန်း ကို ၂၀၁၃ ခုနှစ် မှ (၃) မြို့နယ် ဖြင့် မြန်မာနိုင်ငံတွင် စတင်ခဲ့ ၂၀၁၄ / ၂၀၁၅ ခုနှစ်တွင် (၆) မြို့နယ်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ / ၂၀၁၆ ခုနှစ်တွင် (၁၈) မြို့နယ် ထပ်တိုးခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ် တွင်မြို့နယ် (၂၀) ထပ်တိုးခဲ့ပါသည်။

ဖြိုးဆိုင်းကွင်းလူထုအခြေပြု စီမံကိန်း ကို မြို့နယ်ပေါင်း (၄၇၁)မြို့နယ် နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်း၏ ဒေသ ကောက်ဘောင် င်းများမှာ ဖြိုးဆိုင်း ကျေးလက်ရေ၊ ကျန်းမာရေး နှင့် ပညာရေးဘက် မှ ကောက် ယူပြီးပေးပါသည်။ စီမံကိန်းရည်ရွယ်ချက်၊ ရလဒ်များ သိရှိရန် ၊စီမံကိန်းကို တယ်လိုအကောင်အထည်ဖော် ခဲ့သည် တို့ နှင့် ကျား - မ ရေး ရာ ၊ အမျိုးသမီး များ စွမ်းဆောင်ရည် မြှင့်တင်ခြင်း နှင့် ပတ်သက်သည် များကို သိရှိနိုင်ရန် လေ့လာ ကြား ခဲ့ပါသည်။ ကော်မတီ များက တာဝန်ဝတ္တရား များ ကို ရှင်းပြခဲ့ပါသည်။ ၎င်း၏ ဖွံ့သည့်ကျေးရွာ များသို့ ပေးခြင်း မဟုတ်ဘဲ ကျေးရွာဒေသခံ တို့ ပေးခြင်း ဖြစ်ပါ သည်။ အကောင်အထည်များ ဖြစ်သောလူမှု အကောင်အထည် နှင့် ပတ်သက်၍ ကျင်းပကာ အကွယ်များအကြောင်း ရှင်းပြခြင်း၊ ကျေးရွာလူထုမှ ရရှိသော အလွှင့် အကျိုး များကို ကောင်းမွန် စွာအသုံးချရန်၊ ဖြစ်ပေါ်လျှော်သည် ရှုခင်ချက် များအား သိရှိရန် ၎င်း၏ပြွန် (၄၁)% ကို ကော်မတီ အသုံးပြုသည် အတွက် ရန်ပုံငွေ ဖြစ်ရန် ပေးသည် ကိစ္စရပ် များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်းတွင်အဆိုင်း (၆) ဆိုင်း၊ အဆင့် (၁၄)ဆင့် ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါကြောင်း ရှင်းပြ ပြောကြားခဲ့ပါသည်။ ကော်မတီဝင်များ၏ဆောင်ရွက်ရန်၊ ရှောင်ရန် အချက်များကိုလည်း ပြောပြခဲ့ပါသည်။

ဆုံး ဖြတ်ချက်

ဒေသဖွံ့ဖြိုးရေး ရွေးချယ်ရန် အကြောင်းအရာ များ ကို ရှင်းပြ ပြီး ကျေးရွာ ထုမှ ပြ သို့ ကို အဆိုပြု ရွေးချယ်ခဲ့ပါသည်။ ကျား- မ အမျိုးသမီး ဦးရေ ရွေးချယ်ရန် ဝဲ ဖြင့် ရွေး ချယ်ခဲ့ပါသည်။

သဘောတူညီချက်

စေတနာ့ဝန်ထမ်း (၆) ဦး အနက်မှ မဲ [illegible] ချယ်ခဲ့ရာ အမျိုးသားဘက်မှ ဦး ဝင်း သိန်း နှင့် အမျိုးသမီးဘက်မှ ဒေါ်ဖြင့်သိုင်း တို့ သည် မဲအများဆုံး ရရှိသွားပါသည်။ ဦးဝင်းသိန်း နှင့် ဒေါ်ဖြင့်သိုင်း တို့ သည် ကျေးရွာ စေတနာ့ဝန်ထမ်းအဖြစ် သဘောတူညီခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ဝါဝါခိုင်

လူထုရေးဝန်းရုံးတာဝန်မှူး

လူထုဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူး/တွံတေး/ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ဇေသာင်ကြီး |
| ကျေးရွာအုပ်စု | ဇေသာင်ကြီး |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ကျေးရွာဘုန်းတော်ကြီးကျောင်းရှေ့ရှိ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၂၄.၁၁.၂၀၁၅ |
| အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ | ဒုတိယအကြိမ်မြောက်အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၄၃ )ဦး ၊မ ( ၅၉ )ဦး= (၁၀၂ ) ဦး

ရည်ရွယ်ချက်၊ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်

ကျေးရွာ၏လုပ်ငန်းစဉ်များဆွေးနွေးရန်နှင့် ဆက်လက်ဆွေးနွေးရန်၊ ကျေးရွာအုပ်စု ဖြင့် တောင်ကြား ဆွေးနွေးရန်။

ဆွေးနွေးချက်

အမျိုးသားများ၏အခက်အခဲပြဿနာများ၊ အမျိုးသမီးများ၏အခက်အခဲပြဿနာများ၊ အမျိုးသားများ၏လိုအပ်ချက်များကိုလည်းကောင်း တင်ပြခဲ့ကြပါသည်။ အမျိုးသမီးများ၏လိုအပ်ချက်များကိုလည်း ရေးဆွဲခဲ့ပါသည်။ ထို့နောက် အမျိုးသား၊ အမျိုးသမီးနှင့် ယခု ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်ခဲ့ပါသည်။ မဲပုံးများဖြင့်ဆင်ရွဲ မဲပေးစနစ်ဖြင့် ရွေးချယ်ရာတွင် ရွာတွင်းလမ်း ပြုပြင်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ရွာသင်္ချိုင်း ပြုပြင်ခြင်း၊ ကျောင်းဖြီစည်းရုံး ပြုပြင်ခြင်း၊ ကန်ရေကိုကိုကာများ ပြုပြင်ခြင်းတို့ပါဝင်ခဲ့ပါသည်။ ထို့နောက်ဆက်ရွေးချယ်ရာတွင် မဲရွေးချယ်မှု

ကော်မတီများ၏ တာဝန်ဝတ္တရားများကို သိရှိ ရှင်းပြခဲ့ပါသည်။ ကျေးရွာစီ/ကော်

လယ်ယာရေး၊ လူမှုဖွံ့ဖြိုးရေး၊ ငွေစာရင်းကိုင်၊ ကောင်စီဖြည့်ဆည်းရေး၊

စောင့်ကြပ်ကြည့်ရှု ကိုင်ကြားချက်ဆက်သွယ်မှု များကိုပါ ခွဲဝေရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်

ကျေးရွာစီ/ကော်ခေါင်းဆောင်တွင် ဦးသိန်းဇော်ထွန်း နှင့် ဒေါ်သင်းမြင့်တို့မှ မဲအများဆုံးရရှိသွားပါသည်။ စောင့်ကြည့်ကြီးကြပ်ရေးတွင် ဦးရဲထွန်းဦး နှင့် ဒေါ်စန်းမြင့်၊ လယ်ယာရေးတွင် ဦးအောင်မြင့်ဦး၊ ဦးဇော်ဦး၊ ဒေါ်ကြည်အေးတို့ ဖြစ်ပြီး လူမှုဖွံ့ဖြိုးရေး ဆပ်ကော်မတီတွင် ဦးဝင်းအောင် နှင့် ဒေါ်ဖြူကျင် တို့ဖြစ်ပါသည်။ ကျေးရွာငွေကျေး ကိုင်မှာ ဒေါ်တင်တင်ဝေ၊ စောင့်ကြည့်ကြပ်မတ်ရေး အကြားချက်ဆက်သွယ်ရေး တွင် ဦးကိုကိုသန်း၊ ဒေါ်ချောစုနိုင် တို့ဖြစ်ပါသည်။ ထို့နောက် ကျေးရွာအုပ်စု စီ/ကော်ဥက္ကဋ္ဌ ရွေး (၁၁/၈/၁၁) ကို ဆက်လက်ရွေးချယ်ခဲ့ပါသည်။ ဦးသိန်းဇော်ထွန်း နှင့် ဒေါ်ခင်အေးဝင်း တို့သည် မဲအများဆုံးဖြစ်ပြီး အုပ်စု စီ/ကော် ခေါင်းဆောင်ဖြစ်သွားပါသည်။ ဘဏ္ဍာရေး ဆပ်ကော်မတီ ရွေးချယ်ရာ ရာထူးဒေါ်သင်းမြင့်သည် မဲအများဆုံးရရှိပြီး ဥက္ကဋ္ဌ ဖြစ်သွားပါသည်။ ဦးမြင့်ဇော်သည် ကျေးရွာ အုပ်စုငွေစာရင်းကိုင်၊ ဦးကျော်သည် ဘဏ္ဍာရေး ဆပ်ကော်မတီ အဖွဲ့ဝင်ဖြစ်သွားပါသည်။ ထို့နောက် အုပ်စု အဖွဲ့ဝင် (၃၁)ဦး ကို လျှင်းရွာလူထုမှ ရွေးချယ်ခဲ့ပါသည်။

သဘောတူညီချက်

- အိုးရေတိုင်ကီ ကိုကော်မတီဝင်များ၏ ဆွေးနွေးသောအခါ ဘောင်ကြီး မှကျောက်တိုင်းသို့ ကယ်ရီဖြင့် (၁၀၀၀)ကျပ်၊ အာဗွား (၁၀၀၀)ကျပ်၊ ပါဖြီ (၁၀၀၀) ကျပ်သတ်မှတ်ပြီး ထားဝင်ရောက်ကို (၂၀၀၀)ကျပ်၊ ထောင်း (~~[illegible]~~ ၄၀၀၀)ကျပ်သတ်မှတ် ရန်သဘောတူခဲ့ပါသည်။ ~~[illegible]~~

[signature]
မှတ်တမ်းတင်သူ
ဒေါ်ဝါဝါနိုင်/လူထုရည်ရွယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- o မျက်နှာဖုံး (အဖုံး)
- o မာတိကာ
- o ကျေးရွာအခြေခံ Data
- o PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- o အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- o ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- o အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု….)

နောက်ဆက်တွဲများ-

- o လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ…
- o ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- o ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- o ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- o VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- o လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- o PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- o ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - ▪ အလွန်ကောင်း
    - ▪ ကောင်း
    - ▪ ညံ့
- o လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ▪ ရှိ
    - ▪ မရှိ
- o စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်) ၊
- o PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊